ကျေးဇူးမြင်ရင်
မေတ္တာပေါ်တယ်

မေတ္တာပေါ်မှ
ကျေးဇူးဆပ်ဖြစ်တယ်။

ကျေးဇူး မပျောက်စေနဲ့၊
ကျေးဇူးပျောက်ရင် မာနရောက်မယ်။
မာနကြောင့် ကျေးဇူးဖြစ်မှားတက်တယ်။


ပိုင်းလော့ဆရာတော် အရှင်ဓေယျပဏ္ဍိတ

မိုးညှင်းသိင်္ဂီကျောင်းတိုက်

# ခင်ပွန်းကြီး ဆယ်ပါး
# ကန်တော့ခန်း

- ဓမ္မဒါန -

Generated by CamScanner from intsig.com



Generated by CamScanner from intsig.com

ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတ
မိုးညှင်းသိင်္ဂီကျောင်းတိုက်

ခင်ပွန်းကြီးဆယ်ပါး
ကန်တော့ခန်း

ဓမ္မဒါနအလှူရှင်

______________________

__________________________

____________________________

________________________________

ရက်စွဲ ________________________

Generated by CamScanner from intsig.com

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

**အရဟတော . . .** တစ်ထောင့်ငါးရာ ကိလေသာတို့မှ ကင်းဝေး သန့်ရှင်းတော်မူ၍ မကောင်းမှုတရားတို့ကို ဆိတ်ကွယ်ရာ၌ပင် ပြုတော်မမူ၊ ပြောတော်မမူ၊ စိတ်တော်မှ ကြံစည်တော်မမူသဖြင့် ပြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့၏ ပူဇော် အထူးကို ခံယူတော်မူထိုက်ပါပေထသော။



**သမ္မာသမ္ဗုဒ္ဓဿ . .** သစ္စာလေးပါး မြတ်တရားနှင့် အလုံးစုံသော တရားတော်မြတ်တို့ကို ဆရာမကူ သယမ္ဘူဉာဏ်မြတ်ဖြင့် ကိုယ်တော်တိုင် တတ်အပ်ထင်ထင် သိမြင်တော်မူထိုက်ပါပေထသော။

**တဿ ဘဂဝတော . .** ထိုဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား၊

**နမော . . .** ရိုသေမြတ်နိုး မာန်ညွတ်ချိုး၍ ရှိခိုးခြင်းသည်။

**အတ္ထု ဘဝန္တု . . .** စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

Generated by CamScanner from intsig.com

## ခင်ပွန်းကြီး(၁၀)ပါး ပူဇော်ခြင်းအကျိုး(၁၀)ပါး

၁။ အရပ်တစ်ပါးသွားလည်း အစားအစာမရှားပါးခြင်း၊

၂။ ရောက်ရာအရပ်၌ လေးစားပူဇော်ခံရခြင်း။

၃။ ရန်သူမျိုးငါးပါး မနှိပ်စက်ခြင်း။

၄။ ချစ်ခင်သူ ပေါများခြင်း။

၅။ မည်သည့် ပရိသတ် အလယ်၌မဆို တင့်တယ်စွာ နေနိုင်ခြင်း။

၆။ ကောင်းသောဂုဏ်သတင်း ကျော်စောခြင်း။

၇။ အခြံအရံ မပြတ်ရှိခြင်း။

၈။ မွေးမြူသော တိရစ္ဆာန်၊ စိုက်ပျိုးသောသီးနှံ ဖြစ်ထွန်းခြင်း။

၉။ ဘေးဒုက္ခ ရောက်ခဲ့သော် အကူအညီ အမှီအတွယ် ရရှိခြင်း။

၁၀။ သားသမီးနှင့် စီးပွားဥစ္စာ ကောင်းမွန်စွာ ဖြစ်ထွန်းခြင်း။



## ခင်ပွန်းကြီးဆယ်ပါး ဖြစ်မှားပါက သင့်တတ်သောဒဏ်ဆယ်ပါး

❋ သွေးအန်ဖြစ်လွယ်၊ ရောင်းဝယ်ရှုံးခြင်း ချို့ယွင်း အင်္ဂါ၊ နူနာကုဋ္ဌ၊ ရူးကြဖောက်ပြန်၊ မင်းဒဏ် သင့်ခဏ်း၊ ကြမ်းတမ်းစွပ်စွဲ၊ သေကွဲသားချင်း၊ ပျက်ခြင်းစည်းစိမ်၊ နေအိမ်မီးလောင်၊ ဒုက္ခ ကောင်သည်၊ လူ့ဘောင်ဒိဋ္ဌ တွေ့ကြုံရ၍ သေကငရဲ၊ ကမ္ဘာစွဲ၏။

❋ ဤခင်ပွန်းကြီးဆယ်ပါးတို့အား ဖြစ်မှားမိခဲ့သည် ရှိသော် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုပင် တားနိုင်ပါ သည်။

Generated by CamScanner from intsig.com

## "ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း"

ဘုရားတပည့်တော်သည် သံသရာမှစ၍ ယနေ့တိုင်အောင်

၁။ ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးတို့၏အပေါ်၌

၂။ ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော ပစ္စေက ဗုဒ္ဓါအရှင်ကိုယ်တော်မြတ်ကြီးတို့၏အပေါ်၌

၃။ ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော အဂ္ဂသာဝက မဟာသာဝက ရဟန္တာအရှင်မြတ်ကြီးတို့၏အပေါ်၌

၄။ ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့၏အပေါ်၌

၅။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မိခင်တို့အပေါ်၌

၆။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ဖခင်တို့အပေါ်၌



၇။ ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော လိမ္မာစေရန်ကျိုးကြောင်းပြ၍ ဆုံးမတတ်သော ဆရာသမားတို့၏အပေါ်၌

၈။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဆည်းပူးဖြည့်ကျင့်လျက် ရှိကြကုန်သော လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်တို့၏အပေါ်၌

၉။ ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော တရားဓမ္မတို့ကို ဟောကြားပြသ ဆုံးမတတ်သော ဆရာသမားတို့၏အပေါ်၌

၁၀။ ထမင်းတစ်လုတ်၊ရေတစ်မှုတ် စသည်ဖြင့် ပေးကမ်းချီးမြှင့်ထောက်ပံ့ဖူးသော ကျေးဇူးရှင် ပုဂ္ဂိုလ်တို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသော ကံတို့ဖြင့် ပြစ်မှားမိသည် ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

Generated by CamScanner from intsig.com

## မြတ်စွာဘုရားအား ရှိခိုးပူဇော်ခြင်း

၁။ ငါးမာန်အောင်မြင် ... ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၂။ ကိလေသာကင်းစင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၃။ သစ္စာသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၄။ အနန္တဂုဏ်အင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၅။ ငြိမ်းအေးသခင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၆။ သံသရာကယ်တင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၇။ နိဗ္ဗာန်စံဝင်ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၈။ ပရိနိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။



## "ဗုဒ္ဓမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ"

မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တည်းဟူသော ဉ်လောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ...

"ဗုဒ္ဓံ" ... မြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

"ဓမ္မံ" ... တရားတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

"သံဃံ" ... သံဃာတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

Generated by CamScanner from intsig.com

## ဆုတောင်း

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကောင်းမှုကံ စေတနာတို့ကြောင့် အလုံးစုံသောဘေးရောဂါအန္တရာယ် အပေါင်းတို့မှ ကင်းဝေးပြီးလျှင် မြတ်စွာဘုရားရှင် ဟောကြားဆုံးမတော်မူသော သစ္စာလေးပါး မြတ်တရားကို ကောင်းစွာသိမြင်၍ နိဗ္ဗာန်သို့ ဝင်စံနိုင်သောကိုယ် ဖြစ်ရပါစေသား အရှင်ဘုရား။

လောကီမင်္ဂလာအဖြာဖြာတို့သည်လည်း စိတ်ကြံတိုင်း တောင့်တတိုင်း လွယ်ကူလျှင်မြန်စွာ ပြည့်စုံ၍ နှလုံးစိတ်ဝမ်း အေးချမ်းရပါစေသား အရှင်ဘုရား။



## မေတ္တာပို့၊ အမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြအေးကြည် ဘေးမဲ့မည်သည်၊ ရွှေပြည်ထုတ်ချောက်၊ လမ်းမကောက်ဘဲ၊ ရောက်ရပါလို၊ ထိုထိုဘဝ၊ ကျင်လည်ရလည်း၊ အနိဋ္ဌဘေးဒဏ်၊ ရန်မာန်အပေါင်း မကောင်းဟူသမျှ မတွေ့ရဘဲ၊ သဗ္ဗဏ္ဏုဉာဏ်မင်္ဂလာကို ရွယ်ကာတတိုင်းရစေသော်။ ယနေ့ယခု ပြုပြုသမျှ၊ မြတ်ဘာဂကို မိဘဆရာ၊ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က၊ အရင်းစ၍ ရှိသမျှလုံးစုံ၊ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့ ရကြပါစေ ပေးမျှဝေသည် များထွေသာဓုခေါ်စေသော်။

ဝသုန္ဒရေ ဤမြေပံသု သီလာထုလည်း သက်သေအမှု တည်စေသော်။

(ကုသိုလ် အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော)?

Generated by CamScanner from intsig.com

## အနက်အဓိပ္ပါယ် သိလွယ်စေရန် စီစဉ်ထားသည့် ဘုရား ဂုဏ်တော်ကိုးပါး ဘုရားရှိခိုး

၁။ **အရဟံ** = ကိလေကင်းစင် ဘုရားရှင်ကို ကြည်လင် မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

၂။ **သမ္မာသမ္ဗုဒ္ဓေါ** = တရားသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာ ဘုရား။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နော** = သိကျင့်စုံလင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာ ဘုရား။

၄။ **သုဂတော** = မှန်ကန် အကျိုးရှိ စကားရှင်သခင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။



၅။ **လောကဝိဒူ** = လောကသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာ ဘုရား။

၆။ **အနုတ္တရောပုရိသဒမ္မသာရထိ** = ဆုံးမကျွမ်းကျင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

၇။ **သတ္ထာဒေဝမနုဿာနံ** = နတ် လူ ထိတ်တင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

၈။ **ဗုဒ္ဓေါ** = သစ္စာသိမြင် ဘုရားရှင်ကို ကြည်လင် မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏မြတ်စွာဘုရား။

၉။ **ဘဂဝါ** = ဘုန်းတော်သခင် ဘုရားရှင်ကို ကြည်လင် မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

Generated by CamScanner from intsig.com

## တရားဂုဏ်တော် (၆)ပါး

သွာက္ခာတော, ဘဂဝတာ ဓမ္မော,
သန္ဒိဋ္ဌိကော, အကာလိကော,
ဧဟိပဿိကော, ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

### အဓိပ္ပာယ်အကျဉ်းနှင့် အကျိုး

၁။ **သွာက္ခာတဂုဏ်တော်** = ကောင်းစွာဟောကြားတော်မူအပ်သောတရား ဖြစ်ပါပေ၏။

ကျက်မှတ်ထားပါ။ ➔ ကြားနာရုံပင် အပူစင်၍၊ ကျင့်လျှင်ချမ်းသာ၊ ကျင့်ပြီးခါလည်း၊ လွန်စွာငြိမ်းချမ်း၊ နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင်၊ မှန်းလင့်ရည်ရော်၊ ကောင်းစွာ ဟောတော်မူပါပေ၏။



၂။ **သန္ဒိဋ္ဌိကဂုဏ်တော်** = ကိုယ်တိုင် သိမြင်တော်မူထိုက်၏။

ကျက်မှတ်ထားပါ။ ➔ ဟောပြသလောက်၊ ကျင့်တိုင်းပေါက်၍၊ မဂ်ရောက်ဖိုလ်ထိ၊ ပညာရှိသည့်၊ များအရိယာ၊ သူတော်စွာတို့၊ သူတကာပြော၊ ယုံကြည်သောကြောင့်၊ သဘောချင်းထပ်၊ မဆည်းကပ်ဘဲ၊ တပ်အပ်ထင်ထင်၊ ကိုယ်တိုင်လည်း သိမြင်ထိုက်ပါပေ၏။

၃။ **အကာလိကဂုဏ်တော်** = အကျိုးပေးဖို့ အချိန်ဆွဲ၍ ဖင့်နွဲ့ခြင်းမရှိ၊ ချက်ချင်းပေး ပါသည်။

ကျက်
မှတ်
ထား
ပါ။ ➔

**မမွှာ** သောတာပတ္တိစသည် ဆင့်တက်၊ လေးချက်အပြား၊ မဂ် တရားသည်၊ **အကာလိကော**၊ ငါးရက် ခုနစ်ရက်၊ စသည်တက်၍၊ ငံ့လျက်ရှည်ဝေး အကျိုးပေးရာ၊ အခါမငဲ့၊ အခြားမဲ့ဖိုလ် အကျိုးကို လည်း ပေးတော်မူတတ်ပါပေ၏။



၄။ **ဧဟိပဿိကော** = လာခဲ့ကြည့်လှည့်မေးရှုလှည့်စမ်းပါ ဟု ဖိတ်ခေါ်ထိုက်၏။

ကျက်
မှတ်
ထား
ပါ။ ➔

**မမွှာ** - မဂ်ဖိုလ်နိဗ္ဗာန် ကိုး တန်သောတရားတော်မြတ်သည် **ဧဟိပဿိကော** ဝေဟာတက်ထွန်း ယုဂန်စွန်း၍၊ လဝန်းအလား၊ ပတ္တ မြားသဖွယ်၊ စင်ကြယ်ထင်ရှား၊ ရှိသည်များကြောင့်၊ အားရရွှင်လန်း၊ လိုက်ခဲ့စမ်းပါ၊ ရှုလှည့်စမ်းပါဟု၊ သံသာချိုမြ၊ ဖိတ်ခေါ်ပြဖို့၊ မုချ ဧကန်၊ အမှန်သင့်လျော်၊ ဆိုထိုက် တော်မူပါပေ၏။

Generated by CamScanner from intsig.com

၅။ **ဩပနေယျိကဂုဏ်တော်** = မိမိစိတ်သို့ ကပ်၍ ဆောင်ယူထိုက်၏။

ကျက်မှတ်ထားပါ။ ➔

**ဓမ္မော** - မဂ်ဖိုလ်နိဗ္ဗာန်၊ ကိုးတန်သော တရားတော်မြတ်သည် **ဩပနေယျိကော**၊ မိမိစိတ်တွင်၊ တစ်ကြိမ်ထင်က၊ လေးခွင်အပါယ်၊ ဝဋ္ဋမီးကွယ်သဖြင့်၊ ကိုယ်ဝယ်ဝတ်နှောင်၊ ဆံဥသျှောင်ကို၊ မီးလောင်သော်ငြား၊ မငြိမ်းအားဘဲ၊ တရားမျက်ရှင်၊ စိတ်စွဲထင်အောင်၊ ကျင့်ဆောင်ခြင်းငှာ ထိုက်တော်မူပါပေ၏။



၆။ **ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်** = ကိုယ်စီကိုယ်ငှ သိအပ်ခံစားအပ်၏။

ကျက်မှတ်ထားပါ။ ➔

**ဓမ္မော**-မဂ်ဖိုလ်နိဗ္ဗာန်ကို၊ ကိုးတန်သော တရားတော်မြတ်ကို **ဝိညူဟိ**-ပုထုဇဉ်နှင့် မတန်သင့်စွာ၊ လေးသစ္စာကို၊ ကောင်းစွာမြင်သိ၊ပညာရှိအပေါင်း၊ အရိယာသူတော်ကောင်းတို့သည် **ပစ္စတ္တံ ဝေဒိတဗ္ဗော** ကိုယ်စီကိုယ်ငှ၊ လိုတိုင်းရ၍၊ နိဗ္ဗာနဓာတ်၊ သမာပတ်ဖြင့်၊ မပြတ်သိပိုင်၊ ခံစားနိုင်ပါပေ၏။

တရားဂုဏ်တော်ခြောက်ပါးကို ရှင်းလင်းပြီး ဖြစ်ပါသည်။ ယောဂီများ ကျင့်ကြံကျိုးကုတ် အားထုတ်ပြီး အကျိုးကောင်းများ ရရှိခံစားကြရပါစေ။

## သံဃာ့ဂုဏ်တော် (၉)ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
သာမိစိပဋိပန္နော ဘဂဝတော သာဝကသံဃော

ယဒိတံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
ဧသ ဘဂဝတော သာဝကသံဃော

အာဟုနေယျော
ပါဟုနေယျော
ဒက္ခိဏေယျော
အဉ္ဇလိကရဏီယော
အနုတ္တရပုညခေတ္တံ လောကဿ။



၁။ **သုပ္ပဋိပန္နောဂုဏ်တော်** = ကောင်းစွာ ကျင့်တော်မူတတ်၏။

ကျက်မှတ်ထားပါ။ →

**ဘဂဝတော** - ရွှေဘုန်းတော် သခင်ရှင်တော်မြတ်ဘုရား၏၊
**သာဝကသံဃော** - ဆုံးမထားဟန် တရားမှန်ကို၊ နာခံလိုက်နာ၊ အရိယာဟု၊ သင်္ချာရှစ်ဖော်၊ သံဃာတော်အပေါင်း၊ သူတော်ကောင်းသည်၊
**သုပ္ပဋိပန္နော** - တရားသဖြင့်၊ ဆုံးမသင့်ရာ၊ သာသနာဝယ်၊ လျော်စွာထုံးပြု၊ ဆုံးအမကို၊ လုံးဝလိုက်နာ၊ ကောင်းမွန်စွာလည်း၊ ကျင့်တော်မူတတ်ပါပေ၏။

Generated by CamScanner from intsig.com

## ၂။ ဥဇုပဋိပန္နော ဘဂဝတော သာဝက သံဃော

ဥဇုပဋိပန္နဂုဏ်တော် = ဖြောင့်မှန်စွာ ကျင့်တော်မူ၏။

ကျက်မှတ်ထားပါ။

➔ ဘဂဝတော - သံဃာတော်အပေါင်းသူတော်ကောင်းသည်၊ ဥဇုပဋိပန္နော - စဉ်းလဲသမှု၊ မာယာစုဖြင့်၊ ဖုဖု ထစ်ထစ်၊ မကောက် ကျစ်ဘဲ၊ စင်စစ် နိဗ္ဗာန်၊ လမ်းဖြောင့်မှန်အောင်၊ လျှော်ကန်ချင့်မျှော်၊ ကျင့်ကြံတော်မူ တတ်ပါပေ၏။



## ၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

ဉာယပ္ပဋိပန္နဂုဏ်တော် = နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူ၏။

ကျက်မှတ်ထားပါ။

➔ ဘဂဝတော - သံဃာတော်အပေါင်းသူတော်ကောင်းသည်၊

ဉာယပ္ပဋိပန္နော-ကိုယ်ဝယ်ဝတ်နှောင်း ဆံဥသျှောင်ကို၊ မီးလောင်သော်ငြား၊ မငြိမ်းအားဘဲ၊ ကြီးမားလောင်မီး၊ ဒုက္ခကြီးတို့၊ အပြီးဧကန်၊ ငြိမ်းရာမှန်သည့်၊ နိဗ္ဗာန်အလို့ငှာကျင့်တော်မူတတ်ပါပေ၏။

Generated by CamScanner from intsig.com

၄။ **သာမိစိပဋိပန္နော ဘဂဝတော သာဝက သံဃော**

**သာမိစိပဋိပန္န ဂုဏ်တော်**=ရိုသေမှုနှင့် လျော်အောင် ကျင့်ပါပေ၏။

ကျက်မှတ်ထားပါ။ → **ဘဂဝတော** - သံဃာတော်အပေါင်း သူတော်ကောင်းသည်၊ **သာမိစိပဋိပန္နော** - ရိုသေသမှု၊ လူတို့ပြုသည်၊ သာမိစိကံ၊ လျောက်ထိုက်တန်အောင်၊ ကျင့်ကြံတော်မူတက်ပါပေ၏။

အထက်ပါ ယောလေးယောနှင့်အညီ လူတို့ ရိုသေမှုနှင့် ထိုက်တန်အောင် ကျင့်ကြံတော်မူကြသဖြင့် ထိုဂုဏ်ကြောင်းတရားများကြောင့် ယျောလေးယျောဖြင့် သံဃာတော်များကို လူတို့က လျှုဒါန်းကြခြင်းဖြစ်ပါသည်။



၅။ **အာဟုနေယျော**

**အာဟုနေယျဂုဏ်တော်** - အဝေးမှ ယူဆောင်၍ ပူဇော်အပ်သော ပစ္စည်းကို ခံယူထိုက်၏။

ကျက်မှတ်ထားပါ။ → **ဘဂဝတော**-သံဃာတော်အပေါင်း အရိယာသူတော်ကောင်းသည်။ **အာဟုနေယျော**-တုံ့ပြန်ကြီး လေး အကျိုးပေးသဖြင့်၊ အဝေးမှယူ၊ ဆောင်ရွက်မူလည်း၊ ကြည်ဖြူလေး မြတ်၊ ပူဇော်အပ်သည့်၊ လာဘ်သပ် ပကာ၊ အဖြာဖြာကို၊ ကောင်းစွာ သိမ်းပိုက် ခံယူခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

Generated by CamScanner from intsig.com

## ၆။ ပါဟုနေယျော

ပါဟုနေယျဂုဏ်တော် - ဧည့်သည်တို့အဖို့ စီမံ အပ်သော ပစ္စည်းကို ခံယူထိုက်၏။

ကျက်မှတ်ထားပါ။

➔ ဘဂဝတော-သံဃာတော်အပေါင်း အရိယာသူတော်ကောင်းအပေါင်းသည်။

ပါဟုနေယျော - ဝေးရပ်မျိုးနွယ်၊ များဧည့်သည်၊ ရည်ရွယ်မှန်းထား၊ ပစ္စည်းများကို၊ ဘုရားတစ်ဆူ၊ ပွင့်တော်မူမှ၊ ပေါ်လာကြသည့်၊ ကမ္ဘာ့ဧည့်ကောင်း၊ သူတော်ပေါင်းမို့၊ အကြောင်းထိုက်စွာ၊ ပေးလှူခြင်းငှာလည်း ထိုက်တော်မူပါပေ၏။



## ၇။ ဒက္ခိဏေယျော

ဒက္ခိဏေယျဂုဏ်တော် - အလှူကို ခံထိုက်၏။

ကျက်မှတ်ထားပါ။

➔ ဘဂဝတော-သံဃာတော်အပေါင်း အရိယာ သူတော်ကောင်းအပေါင်းသည်။

ဒက္ခိဏေယျော - တမလွန်စခန်း၊ ကြီးပွားလမ်းဖို့၊ မျှော်မှန်းရည်ရွယ်၊ ပေးလှူဖွယ်ကို၊ ရည်ရွယ်သမျှ၊ အကျိုးရသဖြင့်၊ တစ်စမချန်၊ အလှူခံခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

Generated by CamScanner from intsig.com

## ၈။ <u>အဋ္ဌလီကရဏီယော</u>

**အဋ္ဌလီကရဏီယဂုဏ်တော်** - လက်အုပ်ချီမိုး ရှိခိုးခြင်းကို ပြုထိုက်၏။

ကျက်မှတ်ထားပါ။ → **ဘဂဝတော** - သံဃာတော်အပေါင်း အရိယာ သူတော်ကောင်းသည်။

**အဋ္ဌလီကရဏီယော** -တစ်လောကလုံး ကိုင်းညွတ်ရုံးလျက်၊ ရွှင်ပြုံးကြည်ညို၊ ရိုသေမြတ်နိုး၊ လက်အုပ်မိုး၍၊ ရှိခိုးခြင်းကိုလည်း ထိုက်တော်မူပါပေ၏။



## ၉။ <u>အနုတ္တရံ ပုညခေတ္တံ</u>


**အနုတ္တရံ ပုညခေတ္တ ဂုဏ်တော်** - ကောင်းမှုမျိုးစေ့ကို ကြဲချစိုက်ပျိုးရန် မြတ်သော လယ်ယာနှင့် တူတော်မူ၏။

ကျက်မှတ်ထားပါ။ → **ဘဂဝတော**-သံဃာတော်အပေါင်း အရိယာသူတော်ကောင်းသည်။

**လောကဿ**-လူနတ်ပြဟ္မာ သတ္တဝါအပေါင်း၏၊ **အနုတ္တရံ** - အတုမရှိမြတ်ခေါင်ထိသော၊ **ပုညခေတ္တံ** - ကုသိုလ်ကောင်းမှု၊ မျိုးစေ့စု၏။ ကြီးထုမြင့်မား၊ စွင့်စွင့်ကားလျက်၊ ဖွင့်ထွားဖွယ်ရာ၊ လယ်ယာမြေကောင်း အတူဖြစ်တော်မူပါပေ၏။

Generated by CamScanner from intsig.com

ဗုဒ္ဓဂုဏ်တော်ပွားများ
ပြီး
ပုတီးစိပ်လိုသူများ
အတွက်
အရှင်ဇေယျပဏ္ဍိတ၏
ဗုဒ္ဓဂုဏ်တော်
စေတီတည်ဆောက်၍
ပုတီးစိပ်နည်း
(ချမ်းသာသုခအမျိုးမျိုး
ခံစားရရှိပါမည်)။




| | |
|---|---|
| (၁) အရဟံ - ဘဂဝါ | ၉-ပတ် |
| (၂) သမ္မာသမ္ဗုဒ္ဓေါ-ဗုဒ္ဓေါ | ၉-ပတ် |
| (၃) ဝိဇ္ဇာစရဏသမ္ပန္နော-သတ္ထာဒေဝမနုဿာနံ | ၉-ပတ် |
| (၄) သုဂတော - အနုတ္တရောပုရိသဒမ္မသာရထိ | ၉-ပတ် |
| (၅) လောကဝိဒူ | ၉-ပတ် |



- ကိုယ့်နေအိမ်တွင် လင်သား၊ ဇနီး သားသမီးများ အားလုံး အခါအားလျော်စွာ ကန်တော့ပါ။
- ခင်ပွန်းကြီး (၁၀) ပါး ကန်တော့ရာတွင် -

## လိုအပ်သော ဝတ္ထုပစ္စည်းများ

၁။ ဓာတ်တော်တစ်ဆူ ပူဇော်ထားရပါမည်။
၂။ ဖယောင်းတိုင် (၁၀) တိုင်
၃။ သောက်တော်ရေ (၁၀) ခွက်
၄။ သစ်သီး (၁၀)မျိုး
၅။ ဘုရားပန်းတစ်မျိုး တင့်တင့်တယ်တယ် ပူဇော်၍ ကန်တော့ပါ။

ကုသိုလ်များလေ
စိတ်ကြည်လင်အေးချမ်းလေ
ကံကောင်းလေ

Generated by CamScanner from intsig.com

## ဆရာတော်၏ ဩဝါဒများ တစ်စိတ်တစ်ပိုင်း

### ကျေးဇူးသိမှ မေတ္တာပေါ်သည်

### မေတ္တာဘယ်အထိ ထားရမလဲ

"မာတာယထာ နိယံပုတ္တ မာယုသာ ဧကပုတ္တ မနုရက္ခေ" ဒေသနာတော်အရ တစ်ဦးတည်းသော ကိုယ့်သားရင်း၊ သမီးရင်းအပေါ် ထားတဲ့ ချစ်ခြင်းမေတ္တာမျိုးဖြင့် သတ္တဝါတိုင်းအပေါ် ထားနိုင်ရမည်။

* ကျေးဇူးမသိရင် မာနပေါ်သည်။ မာနဆိုတာ အကုသိုလ် အပူဓာတ်၊ အစုန်လမ်းပဲလို့ မှတ်ပါ။
* ဘုရားရှင်က

  မကောင်းမှုရှောင် (မလုပ်နဲ့)

  ကောင်းမှုဆောင် (လုပ်)

ဖြူအောင်စိတ်ကိုထားဟု ညွှန်ပြထားသည်။ ဘုရားရှင်က လုပ်ဆိုတာလုပ် မလုပ်နဲ့ဆိုတာ မလုပ်ပါနဲ့။

Generated by CamScanner from intsig.com